www.free4reader.com

ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည်

# ရာဇဝတ်သတင်း ဂျာနယ်

Crime News Journal

**ကူညီပါရစေ**

မြို့တော်အတွင်း ခုခံရိုက်သဘောသားများအတွက် နေရာမရှိစေရ။
ပြည်သူလုံခြုံမှုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန်ဆောင်ရွက်ပါမည်။
ပြည်သူလူထုမှ ပူးပေါင်းပါဝင် ကူညီကြပါ။
ထူးခြားမှုသတင်းနှင့် ဖြစ်စဉ်များအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန်။

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ - [illegible]
ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ - [illegible]
ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ - [illegible]
မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ - [illegible]
[illegible]တိုင်းဒေသကြီး ရဲတပ်ဖွဲ့ - [illegible]

အတွဲ(၂၀)၊ အမှတ်(၃၀) ၂၉ ရက်၊ မေလ၊ ၂၀၁၆ ခုနှစ်

## တာမွေမြို့နယ်အတွင်းရှိ ဟိုတယ်တစ်ခုပေါ်က ဟိုတယ်တာဝန်ခံပါတဲ့ တိုးတိုးတိတ်တိတ်ချိန်းပြီး စီစဉ်တဲ့ပွဲ

ရှုတ်တရက် ဝင်ဖမ်းလို့ သိန်း ၈၀ ကျော်ငွေတွေနဲ့ လူ ၁၁ ယောက် တံခါးပေါက်ကတောင် မပြေးနိုင်တဲ့အဖြစ် စာ(၁၁)သို့

အမျိုးသမီးတစ်ဦးအား တစ်ရွာတည်းနေသူ အမျိုးသားက အလိုမတူဘဲ သားမယားအဖြစ် အဓမ္မပြုကျင့်မှုဖြစ်ပွား စာ(၂၄)သို့

ရန်ဖြစ်စိတ်ဆိုးပြီး ယောကျ်ားဖြစ်သူဝတ်တဲ့ စာ(၁၈)သို့ အတွင်းခံဘောင်းဘီမှာ အဆိပ်သုတ်ထားလိုက်တာကြောင့် ယောကျ်ားအင်္ဂါ ပုပ်သိုးပြီး မခံစားနိုင်လို့ ဆေးရုံပြေး

စတုတ္ထတန်းကျောင်းသူလေးကို မိဘတွေအလစ် နှင့်ကိုင်ချစ်တယ်ဆိုပြီး အဓမ္မ သူ့အလိုဆန္ဒပြုလိုက်သူ ရဲက ၄ နာရီအတွင်းဖမ်းမိ စာ(၄)သို့



သဘင်အစည်းအရုံးဥက္ကဋ္ဌ မင်းသားဖိုးချစ်က အကျင့်ပျက်သဘင်သည်တွေစာရင်းကြေညာမယ်ဆိုလို့ သဘင်လောကမှ ကြောက်သူ တားသူ ဝမ်းသာသူတွေနဲ့ ဂယက်ထနေပြီ စာ(၃)သို့





ကလပ်မှာဖြစ်ခဲ့တဲ့ရန်ပွဲ Facebook ပေါ်က စာအတွက် သူမဟုတ်ပေမဲ့ မိဘတွေစိတ်ချမ်းသာအောင် သူတောင်းပန်ပါမယ်တဲ့ စာ(၁၇)သို့



တာဝန်ထမ်းဆောင်နေတဲ့ရဲကို ဆဲဆိုတဲ့လူ ဖမ်းလိုက်ပြီ စာ(၅)သို့

## မိုးယုစံ ခွေးကိုက်ခံရတဲ့ကိစ္စ တရားမစွဲလို့ ဖုန်းဆက်ကြသူများ

စာ(၈)သို့



အချစ်နဲ့ အပြစ် အချစ်ကိုပစ် အပြစ်ခံမယ်ဆိုတဲ့လူ အခုတော့ ထွက်ပြေးနေပြီ စာ(၂)သို့

# အသိတရားနဲ့ယှဉ် မှုခင်းကာတွန်း

ရှင်တော်ဗုဒ္ဓ၏အဆုံးအမများ၊ ဆရာတော်များ၏ အဆိုအမိန့်များကို အခြေခံ၍ ဆရာကာတွန်းစိန်ကြီးမှ သူ၏အတတ်ပညာဖြင့် ရေးသားပူဇော်ထားသည်များအား မှုခင်းကြိုကာအဖြစ် မှုခင်းသတင်းဂျာနယ်ပရိသတ်အတွက် အပတ်စဉ်ဖော်ပြပေးသွားပါမည်။

ဖြစ်/ပျက်



# စေတုတ္ထတန်းကျောင်းသူလေးကို မိဘတွေအလစ် နင့်ကိုငါချစ်တယ်ဆိုပြီး အဓမ္မ သူ့အလိုဆန္ဒပြုလိုက်သူ ရဲက ၄ နာရီအတွင်း ဖမ်းမိ

၃၀-၃-၂၀၁၆ ရက်နေ့ နံနက် ၁၀ နာရီအချိန်ခန့်တွင် ××××ကျေးရွာထဲရှိ အသုဘအိမ်သို့ ထွက်လာသည့်အချိန်တွင် ××××ကျေးရွာ၏အနောက်ဘက် (၄)ဖာလုံခန့်အကွာ ဥယျာဉ်ခြံအတွင်း နေအိမ်၌ သမီးဖြစ်သူ မ××××(၁၂)နှစ်ကို အိမ်စောင့်ထားခဲ့ကြ၏။



၃၀-၃-၂၀၁၆ ရက်နေ့ ၎င်းအချိန်ခန့်တွင် သဲချောင်းကျေးရွာ၊ အုတ်ဖုတ်လုပ်ငန်းတွင် အလုပ်လုပ်နေထိုင်သူ ကျော်စောဦး(၂၆)နှစ်မှာ ထိုနေအိမ်သို့ ဝင်ရောက်လာပြီး ၎င်းနေအိမ်အောက်ထပ်ရှိ ကုတင်ပေါ်တွင် ကျော်စောဦးက မ××××အား သားမယားပြုကျင့်နေသည်ကို အိမ်နီးချင်းကပ်လျက်ရှိသူတစ်ဦးမှ မ××××၏မိခင်အား တိုင်ကြားလိုက်၏။

ထိုအခါ တရားလိုမိခင်သည် ၃၁-၃-၂၀၁၆ ရက်နေ့တွင် ကံပေါက်ရဲစခန်းသို့ သွားရောက်တိုင်ကြားရာ ကံပေါက်ရဲစခန်း



အခင်းဖြစ်ပွားသည့်နေရာ

မှူး ရဲအုပ်ကျော်ဆန်းဦးနှင့်အတူ ရဲအုပ်ခိုင်မျိုးလွင်၊ တပ်ကြပ်ကျော်မင်းဦးတို့သည် တရားခံကျော်စောဦးအား ၃၁-၃-၂၀၁၆ ရက်နေ့ နံနက် ၁ နာရီအချိန်ခန့်တွင် သဲချောင်းကျေးရွာ အုတ်ဖုတ်သောနေရာ၌ ဖမ်းဆီးရမိပြီး သက်သေခံပစ္စည်းများကို ရဲလုပ်ငန်းလုပ်ထုံးလုပ်နည်းနှင့်အညီ သေချာစွာသိမ်းယူပြီး သားမယားပြုကျင့်သူ တရားခံကျော်စောဦးအား (ပ)၂၆/၂၀၁၆ ပြစ်မှုပုဒ်မ ၃၇၆ အရ ကံပေါက်ရဲစခန်းမှူး ရဲအုပ်ကျော်ဆန်းဦးမှ ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ခင်မောင်ကြီး

# မွန်ပြည်နယ်မှာခိုးပြီး ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးမှာ ရောင်းချထားတဲ့ ဆိုင်ကယ်များနဲ့အတူ ပြစ်မှုကျူးလွန်သူများကိုဖမ်းဆီးရမိ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှ ဆိုင်ကယ်များခိုးယူသွားပြီး ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်များတွင် သွားရောက်ရောင်းချထားသည့် ဆိုင်ကယ် ၇ စီးနှင့်အတူ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။




ဖြစ်စဉ်မှာ မော်လမြိုင်မြို့နယ်၊ ဖားအောက်ရဲကင်းစခန်းမှ ရဲအုပ်နိုင်နိုင်ဝင်းသည် ရိုးကိုးကျေးရွာ ရိုးကိုးဘုရားမုခ်ဝ စီစီတီဗွီမှတ်တမ်းများအား ကြည့်ရှုစစ်ဆေးရာ မသင်္ကာဖွယ်ရာတွေ့ရှိရသူ မော်လမြိုင်မြို့ သီရိမင်္ဂလာရပ်၊ ၁၆ လမ်းနေ ရန်နိုင်အောင်(ခ)ဟာရှင်(၁၉)နှစ်နှင့် မော်လမြိုင်မြို့ ကျောက်မှုပွန်တိုးချဲ့ကွက်သစ်(၈)လမ်းနေ ကျော်သန်းဦး(ခ)ဝေတုတ်(၂၅)နှစ်တို့အား ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးမှ ထွက်ဆိုရာတွင် ၂၃-၁-၂၀၁၆ ရက်နေ့ညက မော်လမြိုင်မြို့နယ်၊ မင်းရွာကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာဘုရားပွဲတွင် ပွဲသွားရောက်ကြည့်ရှုရင်း ပွဲကျင်းပရာ တစ်အိမ်ကျော်၌ ရပ်ထားသည့် ဝေ့ဗ်(၁၂၅) အမျိုးအစားဆိုင်ကယ်အား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းဆိုင်ကယ်အား သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ပြန်



လည်သိမ်းဆည်းခဲ့သည်။

အမှုနှင့်ပတ်သက်၍ ၁၄-၃-၂၀၁၆ ရက်နေ့တွင် ရဲအုပ်နိုင်နိုင်ဝင်းက မြိုင်သာယာနယ်မြေရဲစခန်းသို့ တရားလိုပြုလုပ်တိုင်ကြားသဖြင့် မြိုင်သာယာနယ်မြေရဲစခန်းမှ (ပ)၁၄/၂၀၁၆ ပြစ်မှုပုဒ်မ ၃၇၉(ဆိုင်ကယ်)ဖြင့် အမှုဖွင့်ခဲ့သည်။

ထို့နောက် ပြစ်မှုကျူးလွန်သူ ကျော်သန်းဦး(ခ)ဝေတုတ်နှင့် ရန်နိုင်အောင်(ခ)ဟာရှင်တို့အား စစ်ဆေးခဲ့ရာ ဆိုင်ကယ်များ ခိုးယူရာတွင် ၎င်းတို့နှင့်အတူ ထွန်းနိုင်(ခ)ထွန်းထွန်းနိုင်ပါ ဆိုင်ကယ်ခိုးမှုတွင် ပါဝင်ကျူးလွန်ခဲ့မှုကြောင်း ထွက်ဆိုသဖြင့် ထွန်းနိုင်(ခ)ထွန်းထွန်းနိုင် သွားလာနေထိုင်တတ်သည့် သက်ဆိုင်ရာရဲစခန်းများသို့ ၎င်း၏ဓာတ်ပုံနှင့် အချက်အလက်များကို ပေးပို့စုံစမ်းခဲ့သည်။

ထိုသို့စုံစမ်းနေစဉ် မော်လမြိုင်မြို့နယ်အတွင်း ဆိုင်ကယ်ခိုးမှုများဖြင့် အလိုရှိနေသူ ထွန်းနိုင်(ခ)ထွန်းထွန်းနိုင်(၃၂)နှစ်၊ ၁၆ လမ်း၊ သီရိမင်္ဂလာရပ်ကွက်၊ မော်လမြိုင်မြို့နယ်နေသူအား ပဲခူးမြို့နယ်၊ အမှတ်(၃)နယ်မြေရဲစခန်းမှ (ပ)၆၂/၂၀၁၆ ပြစ်မှုပုဒ်မ ၃၈၀/၅၄ အမှုဖြင့် ဖမ်းဆီးထားကြောင်း ဖုန်းဖြင့်ဆက်သွယ်သတင်းပေးပို့အကြောင်းကြားလာသဖြင့် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးခင်မောင်စိုး၏ ညွှန်ကြားချက်အရ ဖားအောက်ရဲကင်းစခန်းမှူး ရဲအုပ်နိုင်နိုင်ဝင်း၊ ရဲတပ်သားသန့်ဇင်ထွန်း၊ မုပွန်နယ်မြေရဲစခန်းမှ ရဲတပ်သားလေးနိုင်နှင့် သက်သေဖက်တန်းရပ်ကွက် ဆယ်အိမ်စုမှူး ဦးသာသိန်းတို့ပါဝင်သော အဖွဲ့သည် ၁၉-၄-၂၀၁၆ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် မော်လမြိုင်မြို့မှ ပဲခူးမြို့သို့ ထွက်ခွာခဲ့ကြသည်။

ရဲအုပ်နိုင်နိုင်ဝင်းဦးစီးတပ်ဖွဲ့ဝင်များက ပဲခူးမြို့အမှတ်(၃)နယ်မြေရဲစခန်းသို့ ရောက်ရှိသည်နှင့် ပြစ်မှုကျူးလွန်သူ ထွန်းနိုင်(ခ)ထွန်းထွန်းနိုင်အား အမှုဖြင့် စစ်ဆေးရာ မော်လမြိုင်မြို့နယ်၊ မုဒုံမြို့နှင့် သံဖြူဇရပ်မြို့များမှ ဆိုင်ကယ်များအား ၎င်းနှင့်အတူ ကျော်သန်းဦး(ခ)ဝေတုတ်၊ ရန်နိုင်အောင်(ခ)ဟာရှင်တို့နှင့်အတူ ခိုးယူခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သဋ္ဌလဲစိပြကျေးရွာများတွင် ဆိုင်ကယ် ၇ စီးအား ရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။



စစ်ဆေးပေါ်ပေါက်ချက်အရ ရဲအုပ်နိုင်နိုင်ဝင်း ဦးစီးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူ ထွန်းနိုင်(ခ)ထွန်းထွန်းနိုင်နှင့်အတူ ၎င်းသွားရောက်ရောင်းချခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ၅ ရပ်ကွက်၊ သုခလမ်းနေ ရန်နိုင်စိုး(ခ)ငပိန်(၂၈)နှစ် (အရောင်းအဝယ်လုပ်)အား ရဲစခန်းသို့ခေါ်ဆောင်၍ စစ်ဆေးမေးမြန်းရာ ၎င်းဝယ်ယူထားသည့် ဝေ့ဗ်(၁၀၀) တာလုံးကြီး ခဲရောင်ဆိုင်ကယ်(၁)စီး၊ ဖရင်း(၁၂၅) အမျိုးအစား အပြာရောင်ဆိုင်ကယ်(၂)စီး

>>> စာမျက်နှာ(၂၃)သို့

